"စာရေးဆရာတို့မည်သည် စိတ်ကူးယဉ်၊ ဇာတ်လမ်းဇာတ်ကွက်ဆင် ရေးတတ်ရုံဖြင့်မပြီး၊ ဘဝအတွေ့အကြုံများတို့က လွန်စွာအရေးကြီးကြောင်း ကျွန်တော် စာရေးသက် ရလာလေလေ၊ ပိုမို သိမြင်လာလေလေ"....ဟူသော အမှာစကားဖြင့် ဘဝထိုထို ဝတ္ထုပေါင်းချုပ်ကို စာဖတ်ရှင်ကျက်သူတို့ နှစ်သက်ရမည်ဟူသော ခံယူချက်ဖြင့် ထုတ်ဝေခဲ့လေသည်။

ကြုံခဲ့ရသည်၊ ကျီးလန့်စာစား၊ ချစ်သူချစ်တဲ့သူ၊ မိရွှေနီ၊ တစ်ခါကဘဝဖော်၊ ပြည်ဝင်ပြည်ထွက်၊ ပွဲတော်ကြီး၊ လူ–လူချင်း ကိုက်စားနေကြပါသည်။ ကျွန်တော် ဘယ်ကလာသနည်း စသော ဝတ္ထုတို ၉ ပုဒ် ပါဝင်သည်။

'ကြုံခဲ့ရသည်' မှာ မြင်းလှည်းသမားဘဝတွင် တစ်ယောက်ကိုတစ်ယောက် မြင်းအို–မြင်းနာများ ဈွားမရှုံ့ပိတ်ရောင်းလေ့ရှိသဖြင့် ခံခဲ့ရပုံနှင့် ပြန်နှံခဲ့ရပုံကို ဖော်ထုတ်ထား၏။ မြင်းကလေး နက်ကြုတ်နှင့် ဘဝတစ်ကွေ့အတွေ့အကြုံဖြစ်၏။

'ကျီးလန့်စာစား' မှာ မြင်းကလေး တက်တိုးနှင့် အောင်ဘုတို့ကို ဂျပန်ခေတ်တစ်လျှောက် မြင်းအသိမ်းမခံရအောင် လုပ်ကြပုံကိုလည်းကောင်း၊ 'ချစ်သူချစ်တဲ့သူ' မှာ မြင်းမလေး လှလှကြည်အကြောင်းကိုလည်းကောင်း (ဤဝတ္ထုတိုကိုပင် ဤလောကမြေမဟီဝယ် ဝတ္ထုတိုပေါင်းချုပ်စာအုပ်တွင် 'အလှ ဘယ်မှာနည်း' ဟု ထပ်မံရေးခဲ့လေသည်။ ထိုဝတ္ထုတွင် လှလှကြည်ဆိုသော မိန်းကလေးနှင့် ဂျပန်ခေတ်က မပွင့်တပွင့် ချစ်ကြပုံကလေး နှော



ထားသော မေတ္တာနှင့် ဘဝအတွေ့အကြုံအဲ့မှို့ ရင်နင့်ဖွယ်ဖြစ်၏။ မြင်းအိုမလေး မိရွှေနီ၏အကြောင်းကို 'မိရွှေနီ' တွင်လည်းကောင်း၊ 'တစ်ခါကဘဝဖော်' တွင် သူ့အိပ်မက်တွင် ပြန်၍ အမြဲတစေကြုံသော မြင်းအိုကြီး၏အကြောင်းကိုလည်းကောင်း၊ 'ပြည်ဝင်ပြည်ထွက်' တွင် ဂျပန်ခေတ် ကိုယ်တွေ့ကိုလည်းကောင်း၊ 'ပွဲတော်ကြီး' မှာ ရှမ်းလမ်း၏ အာဝါဒေးပွဲကိုလည်းကောင်း ရေးသားထားလေသည်။

ထိုစာအုပ်တွင် မိမိဘဝ အတွေ့အကြုံများကို ဟန်မလုပ်၊ တန်ဆာမဆင်ဘဲ ရိုးရိုးကလေး ပြောပြထားသဖြင့် သူ့ဝတ္ထုများသည် လူ့သဘာဝပီသလှ၏။ သော်တာဆွေ ဟူသော ကျောင်းသားလူထွက် မြင်းလှည်းသမားကလေးနှင့် ကိုကြင်စိန်၊ ကိုမြသာ စသော မြင်းလှည်းဆရာတို့၏ စရိုက်ကိုပေါ်လွင်စေ၏။ သို့သော် ဟာသဆရာပီပီ ဟာသဉာဏ်ကလေးဖြင့်....

"ကျွန်တော့် စိတ်ထဲ၌ကား အထူးသဖြင့် ကလေးမသာများရရင်ကောင်းမှာပဲဟု တမ်းတမိ၏။ ဤနေရာ၌ မိတ်ဆွေက ဒီကောင် ဒုက္ခရောက်နေတဲ့အထဲက ရွတ်နောက်နောက် လုပ်နေပြန်ပြီဟု အောက်မေ့ချိမ့်မည်" ဟု အစချီပြီး သူ့မြင်းကတ်ကြီးနှင့် မသာပို့ခဲ့ရပုံကို 'ကြုံခဲ့ရသည်' တွင် ရေးဖွဲ့ထားခဲ့လေသည်။

ဘဝထိုထိုတွင် အကောင်းဆုံး ဝတ္ထုတိုတစ်ပုဒ်မှာ 'လူ–လူချင်း ကိုက်စားနေကြပါသည်' သွေးသောက်တွင် ရေးခဲ့၏။) ဖြစ်လေသည်။ ပြည့်တန်ဆာမလေး မတင်ရီ၏ဘဝကို အရင်းတိုင်း သက်သေကောင်းတစ်ဦးသဖွယ် တွေ့သမျှ၊ ကြုံသမျှ၊ ကြားခဲ့ရသမျှကို ရိုးရိုးကလေး ရေးဖွဲ့ခဲ့သည်မှာ လူနှင့်လူချင်း မညှာမတာ ခေါင်းပုံဖြတ်ကြပုံနှင့် မလည်မဝယ် တောသူကလေးတို့ဘဝမှာ ရင်နာဖွယ် ရုပ်ပုံလွှာအဖြစ် မြင်ရလေသည်။

"မတင်ရီနှင့် ကျွန်တော်မှာ တစ်ဦးကိုတစ်ဦး သန့်သောမေတ္တာနှင့် ချစ်ခင်ကြသည်။ × × သူ့ဆီ ညေ့အလာနည်းလျှင်လည်းကောင်း၊ ကျွန်တော့်လက်ဖက်ရည်ဆိုင် မရောင်းရလျှင်လည်းကောင်း တစ်ဦးအတွက် တစ်ဦး စိတ်မကောင်း ဖြစ်ရတတ်ကြသည်။ အလျဉ်းသင့်၍ မိမိတို့၏ နောင်ရေးနှင့် ရှေ့ရေးတို့ကို ပြောကြရာ၌ ကျွန်တော်မှာ မျှော်လင့်ချက် ပန်းတိုင်



ကြီးရှိသေး၍ သူ့တွင် ဖာခေါင်းတစ်ယောက်၏ ဖာပိုင်ဘဝနှင့် လမ်းဆုံးနေချေပြီတကား...."

ဖာကြုံနှင့် ဖာပိုင်ဘဝတွင် ဖာပိုင်လုံးလုံး ဘဝရှုံးရသော မတင်ရီဘဝအား စာနာစိတ်ဖြင့် မြင်တွေ့ခဲ့ရပုံကို သက်သေထားလိုက်ရာ ဘဝတစ်ကွေ့မှ ရင်နင့်စရာ ဘဝထိုထို တစ်ပုဒ်ပင်တည်း။

စာသုသီ

၁၉၇၃ ခု၊ မေလ၊ ရှုမဝရုပ်စုံမဂ္ဂဇင်း။